THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# ကိုဗစ်-၁၉ က မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေအပေါ် ပြင်းထန်သည့် သက်ရောက်မှုရှိမည်

**ရန်ကုန် ၊ ဇွန် ၂၅၊ ၂၀၂၀** - ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအပေါ် ပြင်းထန်သည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်ကြောင်း ယနေ့ထုတ်ပြန်လိုက်သည့် ကမ္ဘာ့ဘဏ်၏ *မြန်မာ့စီးပွားရေးစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာက ဆိုသည်။* ယေဘုယျ ခန့်မှန်း အခြေအနေ **(Baseline Scenario)**အရ ၂၀၁၈/၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ စီးပွားရေး နှုန်း သည် ၆.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉/၂၀ ဘဏ္ဍာနှစ်တွင် ၀.၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဟု ခန့်မှန်းသည်။

အကယ်၍ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေပါက စီးပွားရေးသည် ၂၀၁၉/၂၀ ဘဏ္ဍာနှစ်တွင် ၂.၅ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်ပြီး ၂၀၂၀/၂၁ ဘဏ္ဍာနှစ်မှသာ ပြန်လည်နလံထူလာမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း ထိခိုက်နိုင်ဖွယ် အန္တရာယ်များ ရှိနေသေးသည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေမည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် လတ်တလော အောင်မြင်မှုများ ရရှိလျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ တိုးတက်မှုများကို ထိခိုက်စေမည်ဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများအား ပိုမိုဆင်းရဲတွင်းနက်စေမည်ဟု ခန့်မှန်းထားသည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ထားနိုင်သည်ဟူသော ယေဘုယျ ခန့်မှန်းအခြေအနေ **(Baseline Scenario)** အရ ကမ္ဘာ့စီးပွားရေး ပြန်လည် ဦးမော့လာမည်ဆိုပါက မြန်မာနိုင်ငံ၏ GDP တိုးတက်နှုန်းသည် ၂၀၂၀/၂၁ ဘဏ္ဍာနှစ်တွင် ၇.၂ ရာခိုင်နှုန်းသို့ ပြန်လည် မြင့်တက်လာနိုင်သည်။ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ရေတိုကာလတွင် မြင့်တက်လာနိုင်ပြီး ၂၀၂၁/၂၂ ဘဏ္ဍာနှစ် တိုင်သည်အထိ ကိုဗစ်မတိုင်ခင်ကာလ အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ဦးမည် မဟုတ်ပေ။ ဆိုးရွားသွားနိုင်သည့် ခန့်မှန်းအခြေအနေ (Downside Scenario) တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် အနည်းဆုံး ၂၀၂၂/၂၃ ဘဏ္ဍာနှစ် တိုင်အောင် ကိုဗစ်မတိုင်ခင်ကာလက အဆင့်အထက်တွင် ဆက်လက်တည်ရှိနေနိုင်သည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အစိုးရ၏ တုန့်ပြန်ဆောင်ရွက်မှုများဖြစ်သော ကိုဗစ်-၁၉ ရန်ပုံငွေ (COVID-19 Fund) ထူထောင်ခြင်းနှင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားနိုင်ရေး စီမံချက် (COVID-19 Economic Relief Plan-CERP) များအား လေ့လာသုံးသပ်ထားပါသည်။ ယင်းတို့တွင် အခွန်သက်သာခွင့်ပေးခြင်း၊ စီးပွားရေး လုပ်ငန်းများကို ချေးငွေထုတ်ပေးခြင်း၊ အိမ်ထောင်စုများအတွက် အစားအစာနှင့် ငွေသားများ ပံ့ပိုးပေးခြင်း ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြုပ်နှံမှုများ အဆင်ပြေချောမွေ့စေမည့် မူဝါဒများအပါအဝင် စီးပွားရေး ကုစားပေးနိုင်ရန် နှင့် ကြံ့ကြံ့ခံနိုင်သော ပြန်လည်ထူထောင်မှုဖြစ်စေရန် အထောက်အကူပေးမည့် နည်းလမ်းများပါဝင်သည်။

**“အခုအချိန်မှာ မြန်မာ့စီးပွားရေး ကာလလတ် မျှော်မှန်းချက်များက အကောင်းဘက်ဦးတည်နေပေမယ့် ကြိုတင်မခန့်မှန်းနိုင်တဲ့ ကပ်ရောဂါ တစ်ကျော့ပြန် ဖြစ်ပွားလာနိုင်ခြေကြောင့် ကြီးမားတဲ့ အန္တရာယ်တွေလည်း ရှိနေဆဲဖြစ်ပါတယ်။ ခိုင်မာအားကောင်းသော မူဝါဒလုပ်ဆောင်မှုများ အရေးတကြီး လိုအပ်နေပါတယ်။ အစိုးရအနေနဲ့ ရည်မှန်းထားတဲ့ အသုံးစရိတ် မျှော်မှန်းချက်တွေကို လိုအပ်သလို ပြောင်းလဲအသုံးပြုခြင်း၊ စီးပွားရေးလုပ်ငန်းငယ် အများအပြားသို့ တိုးချဲ့ အထောက်အပံ့ပေးခြင်း နဲ့ နွမ်းပါးတဲ့ အိမ်ထောင်စုတွေကို ထောက်ပံ့ပေးခြင်းအားဖြင့် CERP ကို ပိုမို ထိရောက်အောင်မြင်စေနိုင်ပါလိမ့်မယ်။” ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ဌာနေ ညွှန်ကြားရေးမှူး မာရီယမ်ရှာမန် ကပြောသည်။**

အစီရင်ခံစာက ကပ်ရောဂါ အကျပ်အတည်း၏ ထိခိုက်မှုသည် ကဏ္ဍအားလုံးကို တစ်ပြေးညီ သက်ရောက်ခဲ့ခြင်းမဟုတ်ကြောင်း မီးမောင်းထိုးပြထားသည်။ ကန့်သတ်တားဆီးချက်များကြောင့် လုပ်သားများအသုံးပြုနိုင်မှုကို အကန့်အသတ်ဖြစ်စေခြင်း၊ တရုတ်နိုင်ငံနှင့် နယ်နမိတ်ထိစပ်နေသော နယ်စပ်ကုန်သွယ်ဂိတ်များ ပိတ်ခြင်းတို့ကြောင့် စက်မှုထုတ်ကုန် ကုန်ကြမ်းထောက်ပံ့မှု ပြတ်တောက်ခဲ့ခြင်း တို့ကြောင့် စက်မှုကုန်ထုတ်လုပ်ရေးသည် ၂၀၁၉/၂၀ ဘဏ္ဍာနှစ်တွင် ၀.၂ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်ပြီး ပြည်တွင်း နှင့် ပြည်ပ ဝယ်လိုအား ကျဆင်းမှုများ ဆက်လက်တည်ရှိနေနိုင်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမှုကွင်းဆက် (supplies chain) ပြတ်တောက်မှုများ နှင့် ပြင်ပဝယ်လိုအား လျော့ကျလာမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် လက်ကျန် ဘဏ္ဍာနှစ်ကာလအတွင်း ပို့ကုန် ဆက်လက်လျော့ကျသွားမည်။ အခွန်ငွေရရှိမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၉/၂၀ ဘဏ္ဍာနှစ်အတွင်း ၆.၀ ရာခိုင်နှုန်းအထိ ကျဆင်းလာမည်ဟု ခန့်မှန်းသည်။

စိုက်ပျိုးရေးကဏ္ဍသည် အခြားကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် ကိုဗစ်-၁၉ ၏ရိုက်ခတ်မှုကို ခံနိုင်ရည်ရှိကြောင်းတွေ့ရပြီး သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) ဖွံ့ဖြိုးလာမှုကြောင့် အီလက်ထရောနစ်ကုန်သွယ်ရေး e-commerce ဖွံ့ဖြိုးလာစေရန် များစွာ အထောက်အကူပြုသည်။ ကိုဗစ် - ၁၉ ကြောင့် စားသုံးသူ ဝယ်ယူနိုင်စွမ်း ကျဆင်းလာခြင်းက ငွေကြေးဖောင်းပွမှု လျော့ကျစေခဲ့သည်။

မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှုကို မြန်မာနိုင်ငံတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေးအလားအလာများ နှင့် ဦးစားပေး မူဝါဒများ ကိုစောင့်ကြည့်လေ့လာ သုံးသပ်၍ တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ပြန်ပါသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတော် အစိုးရထံမှ ရရှိသော သတင်းအချက်အလက်များ နှင့် ကမ္ဘာ့ဘဏ်၏ ပုံမှန် စီးပွားရေး စောင့်ကြည့်လေ့လာမှုနှင့် မူဝါဒ ဆွေးနွေးစကားဝိုင်းများမှ စုဆောင်းရရှိသော ထပ်ဆောင်းသတင်းအချက်အလက်များ အပေါ်အခြေခံထားခြင်းဖြစ်ပါသည်။

**ဆက်သွယ်ရန် -**
*ရန်ကုန် - ကျော်စိုးလင်း ၊ သတင်းပြန်ကြားရေး၊ ပြင်ပဆက်သွယ်ရေး တာဝန်ခံအရာရှိ* ၊ +95 97 8278 9400 klynn@worldbank.org

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက http://www.worldbank.org/en/country/myanmar သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းထုတ်ပြန်ချက်**
၂၀၂၀ ခုနှစ် ၊ ဇွန်လ ၂၅ ၊ မြန်မာ